စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ကလေးများအတွက် ဗဟုသုတ ဉာဏ်စမ်းပဟေဠိ (၂)

မောင်ခေတ်ထွန်း




mgyoe.com

mgyoe.com







# ကလေးများအတွက်
# ဗဟုသုတ
# ဉာဏ်စမ်းပဟေဠိ
# (၂)

မောင်ခေတ်ထွန်း

KHIT0026

1,500.00 KS

mgyoe.com

ကလေးများအတွက်ဗဟုသုတဉာဏ်စမ်းပဟေဠိ၊ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးများအတွက် ဗဟုသုတဉာဏ်စမ်းပဟေဠိ (၂)

## မောင်ခေတ်ထွန်း

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကလေးများအတွက် ဉာဏ်စမ်းပဟေဠိ အမှာစာ

ဤ 'ကလေးလူငယ်များအတွက် ဉာဏ်စမ်းပဟေဠိ' စာအုပ်သည် ကလေးလူငယ်များ ပညာဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်၍ စာအုပ်စာတမ်းပေါင်း မြောက်မြားစွာထဲမှ ထုတ်နုတ် ပြုစုရေးသားထားသည့် စာအုပ်ဖြစ်ပါသည်။ မြန်မာ၊ အင်္ဂလိပ် စာအုပ်စာတမ်းများ များပြားလှ၍ မှီငြမ်းပြုစာအုပ်များ၏ အမည်များကို မဖော်ပြတော့ပါ။ ဤစာအုပ်မှတစ်ဆင့် ကလေးများ စာအုပ် စာတမ်းများကို ရှာဖွေဖတ်ရှုလိုစိတ် တိုးပွားစေရန် ရည်သန်၍ ပြုစုထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ သမိုင်း၊ ပထဝီ၊ အာကာသ၊ သိပ္ပံ၊ ဆေးပညာ၊ စာပေနှင့် အနုပညာ၊ ယဉ်ကျေးမှု စသည်ဖြင့် ကဏ္ဍစုံမှ ဗဟုသုတအဖုံဖုံတို့ကို ရွေးနုတ် ဖော်ပြထားပါသည်။ အဆိုပါ စာအုပ်စာတမ်းများကို ရေးသားကြ သူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ် ပါသည်။

ဤဉာဏ်စမ်းပဟေဠိများကို မူလက 'ရတနာပန်းခင်း ရုပ်စုံမဂ္ဂဇင်း'တွင် လစဉ်ဖော်ပြခဲ့ပါသည်။ ယခု တစုတစည်းတည်း ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယခု စာအုပ်သည် အမှတ်စဉ် (၂) ဖြစ်၏။ နောင်စွင် အတွဲစဉ်များအဖြစ် ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ကလေးလူငယ်များသည် ပညာဗဟုသုတ တိုးတက် ကြွယ်ဝနိုင်ကြပါစေ ...

မောင်ခေတ်ထွန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁။ 'အဖေနေ့' Father's Day နှင့် 'အမေနေ့' Mother's Day ကို မည်သည့်အချိန်များက မည်သည့်နိုင်ငံ မည်သည့်မြို့တွင် စတင်ကျင်းပခဲ့ကြသနည်း။
၂။ 'စစ်အေးတိုက်ပွဲ' The Cold War ပြီးစီးကြောင်းကို မည်သည့်ခုနှစ်က မည်သည့်တိုင်းပြည်က သမ္မတများက တရားဝင်ကြေညာခဲ့ကြသနည်း။
၃။ ကမ္ဘာ့မိုးတောင်၏ ၇၅ ရာခိုင်နှုန်း မိုးတောင်များရှိပြီး မိုးတောင် မကြာခဏပေါက်ကွဲသည့်ဒေသမှာ မည်သည့်ဒေသဖြစ်သနည်း။
၄။ 'Taurus Mountains' တောင်များရှိသည့် တိုင်းပြည်မှာ မည်သည့်တိုင်းပြည် ဖြစ်သနည်း။
၅။ 'အန်ဒမန်ပင်လယ်' Andaman Sea သည် မည်သည့်သမုဒ္ဒရာတွင် ပါဝင်သနည်း။
၆။ ကလေးမွေးသည့်အခါ ဇောက်ထိုးကလေးမွေးသည့် သတ္တဝါမှာ မည်သည့်သတ္တဝါ ဖြစ်သနည်း။
၇။ William the Lion အမည်ရှိ ဘုရင်သည် မည်သည့်တိုင်းပြည်က ဘုရင်ဖြစ်သနည်း။
၈။ ၁၈၆၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သောစစ်ပွဲမှာ မည်သည့်စစ်ပွဲ ဖြစ်သနည်း။

mgyoe.com

mgyoe.com

၉။ စပိန်နိုင်ငံ၊ ဖိဂူရပ်စ် Figureas မြို့တွင် မွေးဖွားခဲ့ပြီး သူ့လက်ရာ ပန်းချီကားများကို စပိန်နိုင်ငံ၌ ပြတိုက်ဖွင့်လှစ်၍ ပြသခံရသည့် ပန်းချီပညာရှင်ကြီးမှာ မည်သူဖြစ်ပါသနည်း။

၁၀။ အင်္ဂလန်နိုင်ငံ၏ ပဉ္စမမြောက် ဟင်နရီဘုရင် Henry V သည် မည်သည့်အသက်အရွယ်တွင် ၁၄၀၃ ခုနှစ်က ဖြစ်ပွားခဲ့သော 'ရှရီးဘာရီ စစ်ပွဲ' The Battle of Shrewsbury ၌ ကိုယ်တိုင်ပါဝင်ကာ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ခဲ့သနည်း။

၁၁။ 'လ'မျက်နှာပြင်ပေါ်တွင် ဖုံးလွှမ်းနေသော ဖုန်မှုန့်ကို မည်သို့ခေါ်ဆိုပါသနည်း။

၁၂။ ကမ္ဘာပေါ်တွင် အိမ်မြှောင် Lizard အမျိုးအစားပေါင်း မည်မျှရှိသနည်း။

၁၃။ ထရန်စစ္စတာ Transistor ကို မည်သည့်ခုနှစ်က တီထွင်ခဲ့ပါသနည်း။

၁၄။ Uranus Planet ယူရေးနပ်စ်ဂြိုဟ်ကို မည်သူက စတင်တွေ့ရှိခဲ့ပါသနည်း

၁၅။ ၁၉ ရာစု အစောပိုင်းကာလက အိန္ဒိယနိုင်ငံတွင် ဒုံးကျည်ကို မည်သူက စတင်အသုံးပြုခဲ့ပါသနည်း။

၁၆။ ကမ္ဘာပေါ်တွင် ပထမအရှည်လျားဆုံးမြစ်မှာ မည်သည့်မြစ်ဖြစ်၍ ဒုတိယအရှည်လျားဆုံးမြစ်မှာ မည်သည့်မြစ်ဖြစ်ပါသနည်း။

၁၇။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ကာ 'မြန်မာရာဇဝင်'ဟူသော ဝေါဟာရအစား 'မြန်မာ့သမိုင်း'ဟူသော ဝေါဟာရကို ပထမဆုံး အသုံးပြုခဲ့သည့် သမိုင်းပညာရပ်ဆိုင်ရာ စာအုပ်

mgyoe.com

mgyoe.com


မှာ မည်သည့်စာအုပ်ဖြစ်၍ အဆိုပါစာအုပ်ကို ပြုစုရေးသားသူမှာ မည်သူဖြစ်ပါသနည်း။

၁၈။ မြန်မာပြည်တွင် ကာတွန်းကို ပထမဆုံး စတင်ရေးဆွဲသူမှာ မည်သူဖြစ်ပါသနည်း။

၁၉။ Dolorimeter သည် မည်သည့်အရာကို တိုင်းတာသော ကိရိယာဖြစ်သနည်း။

၂၀။ 'အို'အမျိုးအစားသွေးသည် မည်သည့်သွေးအမျိုးအစားနှင့် မဆို ရောနှောနိုင်သည်ဖြစ်ရာ အဆိုပါ 'အို'သွေးအမျိုးအစားကို မည်သို့ခေါ်ကြသနည်း။

၂၁။ သေဒဏ်ပေး လျှစ်စစ်ကုလားထိုင် The Electric Chair ကို စတင်တီထွင်ခဲ့သူမှာ မည်သူနည်း။

၂၂။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀၀ ခန့်က ကမ္ဘာမြေပြင်ပေါ်တွင် ပေါက်ရောက်ခဲ့ကာ ယနေ့ထက်တိုင် မပျောက်ကွယ် ဆက်လက်ရှိနေခဲ့သည့် အပင်မှာ မည်သည့်အပင်ဖြစ်သနည်း။

၂၃။ တစ်နေ့တာအတွင်း နေရှိရာနေရာသို့လိုက်၍ မျက်နှာမူနိုင်အောင် ပြုလုပ်ထားသည့် ဘုရင်တစ်ပါး၏ ရုပ်တုမှာ မည်သည့်ရုပ်တုဖြစ်၍ အဆိုပါရုပ်တုမှာ မည်သည့်နိုင်ငံတွင် ရှိသနည်း။

၂၄။ အပိုလို အာကာသယာဉ်မှူးများ ကမ္ဘာ့မြေပြင်သို့ ယူဆောင်လာခဲ့သည့် လကမ္ဘာ၏ မြေသားသက်တမ်းမှာ မည်မျှရှိသနည်း။

၂၅။ နတ်သမီးပုံပြင်များ Fairy Tales ကို မည်သည့်အချိန်က ပထမဆုံး စတင်စုစည်းခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

၂၆။ ရှေးခေတ် အီဂျစ်လူမျိုးများသည် မည်သည့်အခါတွင် သူတို့၏ မျက်ခုံးမွေးများကို ရိတ်ကြသနည်း။

mgyoe.com

mgyoe.com


၂၇။ အမေရိကန် တော်လှန်ရေးစစ်ပွဲ The American Revolutionary War သည် ၁၇၈၃ ခုနှစ်တွင် အဘယ်ကြောင့် ပြီးဆုံးသွားရသနည်း။

၂၈။ ကမ္ဘာပေါ်တွင် လူနာကို အပ်စိုက်ကုထုံးဖြင့် ကုသနည်းစနစ်ကို မည်သည့်အချိန်က မည်သူ စတင်အသုံးပြုခဲ့ပါသနည်း။

၂၉။ အိန္ဒိယပျံလွှားငှက် Indian Swift သည် တစ်နာရီလျှင် မည်မျှအကွာအဝေးအထိ ပျံသန်းနိုင်သနည်း။

၃၀။ 'အိပ်စက်လမ်း လျှောက်ခြင်း' Sleep-walking သည် လူကြီးများနှင့် ကလေးများတွင် မည်သူပို၍ အဖြစ်များသနည်း။

၃၁။ အစာအိမ် ၄ ခုရှိသော သတ္တဝါ မည်သည့်သတ္တဝါဖြစ်ပါသနည်း။

၃၂။ 'အလံ' Flag ကို မည်သည့်လူမျိုးများက စတင်ပြုလုပ်အသုံးပြုခဲ့ပါသနည်း။

၃၃။ ကဗျာလင်္ကာ ၄၀၀ ကျော် ဖွဲ့ဆိုခဲ့ကာ ကဗျာအများစုမှာ အမျိုးသမီးတစ်ဦးသို့ ရည်ညွှန်းဖွဲ့ဆိုခဲ့ပြီး ဥရောပစာပေလောကအပေါ် ဩဇာလွှမ်းစွာ သက်ရောက်ခဲ့သည့် ကဗျာဆရာမှာ မည်သည့်နိုင်ငံက ကဗျာဆရာဖြစ်ပါသနည်း။

၃၄။ 'အစရှိသဖြင့်'၊ 'အမည်နာမတပ်၍ မဆိုနိုင်သော အရာများ'၊ 'သဗ္ဗရန့်ပေါင်း'၊ 'ပြုတ်စဖျင်းတောင်း'ဟု အဓိပ္ပာယ်ရသည့် Etc. (အင်္ဂလိပ်စာလုံးပေါင်း Ecetera) သည် မည်သည့်ဘာသာစကားမှ ဆင်းသက်လာသော စကားလုံးဖြစ်၍ မည်သည့်အချိန်ကာလက စတင်သုံးစွဲခဲ့ပါသနည်း။

၃၅။ NOW ၏ အရှည်အမည်ကို ဖော်ပြပါ။

mgyoe.com

mgyoe.com


၃၆။ ၁၉၄၁ ခုနှစ်၊ မေလ ၈ ရက်နေ့က မစ္စစပီမြစ်ကြီး Mississippi River ကို စတင်တွေ့ရှိခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

၃၇။ ပထမဦးဆုံး ရုပ်ရှင်အော်စကာဆု Oscars ပေးပွဲကို မည်သည့်နှစ်၊ လ၊ ရက်တွင် ကျင်းပခဲ့ပါသနည်း။

၃၈။ ဂျပန်နိုင်ငံတွင် 'ဘိုးဘွားများဂုဏ်ပြုနေ့' Respect for the Aged Day ကို နှစ်စဉ် မည်သည့်အချိန်တွင် ကျင်းပကြသနည်း။

၃၉။ မြန်မာစာပေပညာရှင်ကြီး 'လယ်တီပဏ္ဍိတဦးမောင်ကြီး' ကို မည်သည့်အချိန်က မည်သည့်ဒေသတွင် မွေးဖွားခဲ့ပါသနည်း။

၄၀။ မသေနိုင်သော နတ်ငှက်ဖြစ်သည်ဟု ဆိုကြ၍ အာရေဗျတောကြီးမျက်မည်းတွင်ရှိသည်ဟု ယူဆခဲ့ကြကာ အလွန်လှပသော ငှက်ဖြစ်ပြီး မီးရှို့ခံရ၍ တစ်ကိုယ်လုံး ပြာကျသော်ငြားလည်း ပြာမှပြန်၍ နဂိုအတိုင်းသာမက ပို၍နုပျိုသန့်စွမ်းလာသည်ဟု ဆိုကြကာ တချို့ဒဏ္ဍာရီများက နှစ် ၅၀၀ အသက်ရှည်သည့်ငှက်မဟုတ်ဘဲ နှစ်ပေါင်း ၉၇၂၀၀ အသက်ရှည်သည့်ငှက်ဟု ဆိုကြသောငှက်မှာ မည်သည့်ငှက်ဖြစ်ပါသနည်း။

၄၁။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေးပောင်းအမွေအနှစ် ပုဂံဒေသအား မဟာမိတ်စစ်တပ်မှ ဗုံးကြဲတိုက်ခိုက်မှု ကင်းဝေး၍ စစ်နယ်မြေမသတ်မှတ်မိစေရန် မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့သူမှာ မည်သူနည်း။

၄၂။ လက်ရေးတိုပညာသည် မည်သည့်အချိန်က စတင်ထွန်းကားခဲ့ပါသနည်း။

mgyoe.com

mgyoe.com

၄၃။ W.F.U.N.A ၏ အရှည်ကောက်အမည်ကို ဖော်ပြပါ။
၄၄။ လန်ဒန်မျှော်စင် London Tower သည် မည်သည့်အကြောင်းကြောင့် ထင်ရှားရသနည်း။
၄၅။ 'မနုကျယ်ဝမ္မသတ်'ကို မည်သည့်ဘုရင် လက်ထက်တွင် မည်သူက ပြုစုခဲ့ပါသနည်း။
၄၆။ စူးအက်တူးမြောင်း Suez Canal ကို နိုင်ငံပိုင်ပြုလုပ်သည့်နှစ်မှာ မည်သည့်နှစ်ဖြစ်သနည်း။
၄၇။ 'သက်တန့်' Rainbow တွင် အရောင်ဘယ်နှ မျိုးရှိ၍ အရောင်များမှာ မည်သည့်အရောင်များ ဖြစ်ကြသနည်း။
၄၈။ အိန္ဒိယနိုင်ငံ၏ Father of the Nation ဆိုသည့် ပုဂ္ဂိုလ်မှာ မည်သူနည်း။
၄၉။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လအတွင်း ကျင်းပခဲ့သော မီရှီဂန် တက္ကသိုလ်၏ အရှေ့တိုင်းပညာရှင်များ ကွန်ဖရင့်တွင် ဖတ်ကြားခဲ့ကာ ယင်းကို ထပ်မံဖြည့်စွက်၍ ပုံနှိပ်ထုတ်ဝေခဲ့သည့် Burmese History Before 1287 အေဒီ ၁၂၈၇ ခုနှစ် မတိုင်မီ မြန်မာ့သမိုင်းစာအုပ်ကို ရေးသားခဲ့သူမှာ မည်သူနည်း။
၅၀။ မြန်မာနိုင်ငံ ကိုလိုနီခေတ်တွင် ပထမဆုံးအကြိမ် အစိုးရသိန်းထီဌာနကို မည်သည့်အချိန်တွင် စတင်ဖွင့်လှစ်ခဲ့၍ ထီလက်မှတ်တစ်စောင်လျှင် မည်သည့်နှုန်းဖြင့် ရောင်းချခဲ့သနည်း။
၅၁။ ရန်ကုန်မြို့ရှိ ဆူးလေစေတီတော်အနီးရှိ သမိုင်းဝင် ရန်ကုန်မြို့တော်ခန်းမကို မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ခဲ့သနည်း။
၅၂။ ဝိုင်အမ်ဘီအေဆရာတင် ရေးစပ်သည့် 'တို့ဗမာသီချင်း'ကို

mgyoe.com

mgyoe.com


ရန်ကုန်တက္ကသိုလ် သထုံဆောင် သဟာယနှင့် စာဖတ်ခန်း မတွင် မည်သည့်အချိန်က ပထမဆုံး သီဆိုခဲ့ကြသနည်း။

၅၃။ ၁၉၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော 'အမျိုးသားကောလိပ်'ကို မည်သည့်နေရာတွင် ဖွင့်လှစ်ခဲ့သနည်း။

၅၄။ ကမ္ဘာ့ပထမဆုံး သိပ္ပံဝတ္ထုမှာ မည်သည့်ဝတ္ထုဖြစ်၍ မည်သည့်ခုနှစ်တွင် ရေးသားခဲ့သနည်း။

၅၅။ ဥရောပတိုက်သားများထဲမှ မြောက်အမေရိကသို့ ပထမဆုံး ခြေချသူများမှာ မည်သူတို့ဖြစ်ကြသနည်း။

၅၆။ သံဘူးအဖုံးဖွင့်ကိရိယာကို မည်သည့်ခုနှစ်တွင် မည်သူက စတင်တီထွင်ခဲ့သနည်း။

၅၇။ အမေရိကန်နိုင်ငံမှ စာပေနိုဘယ်ဆုကို ပထမဆုံးရရှိခဲ့သူ အမျိုးသမီးစာရေးဆရာမှာ မည်သူဖြစ်၍ ဆုကို မည်သည့် ခုနှစ်တွင် ရရှိခဲ့သနည်း။

၅၈။ ကျွန်ုပ်တို့၏ကမ္ဘာတွင် ရေထုရာခိုင်နှုန်း မည်မျှဖုံးလွှမ်းနေသနည်း။

၅၉။ ကမ္ဘာ့မြေပြင်ပေါ်မှ လေထုထဲသို့ နှစ်စဉ် လေထုညစ်ညမ်းစေသည့် စက်ရုံမီးခိုး၊ အမှိုက် စသည်တို့ကဲ့သို့ ညစ်ညမ်းစေသော ပစ္စည်းတန်ပေါင်း မည်မျှထုတ်လွှင့်လျက်ရှိသနည်း။

၆၀။ မော်တော်ကား မတော်တဆ ဖြစ်ပွားမှုကြောင့် ခြေထောက်တစ်ဖက် ဖြတ်လိုက်ရကာ ပထမဦးဆုံး မသန်စွမ်းသူအဖြစ် ၁၉၉၈ ခုနှစ်တွင် ခြေထောက်တစ်ဖက်တည်းဖြင့် ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

mgyoe.com

mgyoe.com



၆၁။ အမေရိကန်နိုင်ငံ ပေ ၉၀၀ (၂၇၄ မီတာ) ရှည်လျားသော ပထမဆုံး လိုဏ်ခေါင်းမီးရထားလမ်းကို ပင်ဆီဗေးနီးယားတွင် မည်သည့်ခုနှစ်က တည်ဆောက်ခဲ့ပါသနည်း။

၆၂။ ၁၇၆၁ ခုနှစ်တွင် လောင်ဂျီကျူအရ ဒေသအလိုက် အချိန်ကွာခြားမှုပြဿနာကို တိုင်းတာ၍ ဖြေရှင်းနိုင်သည့် ရေကြောင်းသုံးနာရီကို တီထွင်ခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

၆၃။ စောင်ရေ တစ်သန်းနှစ်သိန်းငါးသောင်းကျော် ထုတ်ဝေရသော ကမ္ဘာ့စာဖတ်သူအများဆုံး စာစောင်မှာ မည်သည့်နိုင်ငံက ထုတ်ဝေသည့် မည်သည့်စာစောင် ဖြစ်ပါသနည်း။

၆၄။ ကမ္ဘာပေါ်တွင် ရွေးကောက်ပွဲဖြင့် ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာသူမှာ မည်သည့်နိုင်ငံက မည်သည့်အမျိုးသမီး ဖြစ်ပါသနည်း။


၆၅။ ဟန်မင်းပျူတို့သည် မည်သည့်ခုနှစ်တွင် ဟန်လင်းမြို့ပြကို တည်ထောင်ခဲ့သနည်း။

၆၆။ အေဒီ ၄၀၂ ခုနှစ်တွင် ဗုဒ္ဓဃောသ မထေရ်သည် သီဟိုဠ်မှ မည်သည်တို့ကို သထုံသို့ ပင့်ဆောင်ခဲ့သနည်း။

၆၇။ ဦးအောင်ဇေယျသည် မည်သည့်ဘွဲ့ကို ခံယူ၍ ကုန်းဘောင်မင်းဆက်ကို မည်သည့်ခုနှစ်တွင် စတင်တည်ထောင်ခဲ့သနည်း။

၆၈။ မြန်မာပြည် အသံလွှင့်ရုံကို မည်သည့်အချိန်က ဖွင့်လှစ်ခဲ့ကာ စတင်အသံလွှင့်ခဲ့ပါသနည်း။

၆၉။ အိဂျစ်နိုင်ငံ၌ အာရဘီဘာသာစကားကို မည်သည့်အချိန်ကာလရောက်မှ ပြောဆိုကြသနည်း။



mgyoe.com

mgyoe.com


၇၀။ ၁၉၄၄ ခုနှစ်၊ မေလတွင် အိန္ဒိယ ပြည်သူ့သဘင်အဖွဲ့၏ တိုက်တွန်းမှုဖြင့် စင်တင်ကပြရန် မြန်မာပြည်ကို နောက်ခံထားသည့် ဖက်ဆစ်ဆန့်ကျင်ရေးပြဇာတ်ဖြစ်သော 'ခေတ်သစ်ဆန်းပြီ'ပြဇာတ်ကို မည်သူရေးသားခဲ့ပါသနည်း။

၇၁။ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပထမဆုံး အောင်မြင်စွာ ဘာသာပြန်ဆိုနိုင်ခဲ့ကာ ထိုင်းဘုရင်က ဆုငွေ ပေါင်တစ်ထောင် ချီးမြှင့်ခြင်းခံရပြီး ယင်းကျမ်းနှင့်ပင် မြန်မာအမျိုးသားများထဲမှ စာပေဝိဇ္ဇာဘွဲ့ကို အင်္ဂလန်နိုင်ငံမှ ပထမဦးဆုံးရရှိခဲ့သော ပညာရှင်ကြီးမှာ မည်သူဖြစ်ပါသနည်း။

၇၂။ ပညာမင်းကြီး စည်သူဦးကောင်း (၁၉၀၄–၁၉၅၇) ပထမဆုံးဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော 'မြန်မာနိုင်ငံသမိုင်းကော်မရှင်'ကို မည်သည့်ခုနှစ်က စတင်ဖွဲ့စည်းခဲ့သနည်း။

၇၃။ အင်းဝခေတ်တွင် အစောဆုံးပေါ်ထွက်ခဲ့သော ချေင်းကားအဘယ်နည်း။

၇၄။ ဒုတိယကမ္ဘာစစ်ကာလက မြောက်အာဖရိကတိုက်၊ အီတလီနှင့် ပြင်သစ်တို့ကို ထိုးဖောက်ဝင်ရောက်ခဲ့သည့် မဟာမိတ်တပ်များ၏ တပ်မှူးကြီးမှာ မည်သူဖြစ်ပါသနည်း။

၇၅။ တွတ်တင်ခါမန် Tutankhamun ဆိုသည်မှာ အဘယ်နည်း။


၇၆။ ၁၉၂၀ ပြည့်နှစ်တွင် ဦးထွန်းရှိန် ဈာပနသတင်းကားဖြင့် စတင်ခဲ့သော မြန်မာ့ရုပ်ရှင်၏ ငွေရတုသဘင် အခမ်းအနားကို ရွှေတိဂုံစေတီ တပေါင်းပွဲတော်နှင့် ပူးတွဲကျင်းပသည့် မြန်မာနိုင်ငံ စက်မှုလက်မှုပြပွဲတွင် ပူးပေါင်းကျင်းပခဲ့ရာ မည်သည့်ပုဂ္ဂိုလ်များက တက်ရောက်ဖွင့်လှစ်ပေးခဲ့သနည်း။

mgyoe.com

mgyoe.com


၁၇။ ၁၈၆၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဥရောပတိုက်သား သင်္ဘောသူကြီး 'ကာလာဂရတီ'က ဝယ်ယူ၍ မင်းတုန်းမင်းအား ဆက်သခဲ့သော သင်္ဘောကို မည်သည့်အမည်ဖြင့် ကမ္ဗည်းတင်ခဲ့သနည်း။

၁၈။ အင်္ဂလိပ်အစိုးရက သခင်အောင်ဆန်းအား ဗြိတိသျှရန်သူတော်စာရင်း အမှတ်စဉ် ၅ အဖြစ် ကြေညာခဲ့သည့်နှစ်မှာ မည်သည့်နှစ် ဖြစ်ပါသနည်း။



၁၉။ ယူရေးနပ်စ်ဂြိုဟ် Uranus သည် နေကို တစ်ပတ်ပတ်မိရန် မည်မျှကြာသနည်း။

၂၀။ ကမ္ဘာ့ပထမဆုံး အမျိုးသမီးလေယာဉ်မှူးမှာ မည်သူဖြစ်၍ သူသည် မည်သည့်အချိန်က ပထမဆုံး တရားဝင်လေယာဉ်မောင်းလိုင်စင်လက်မှတ် ရရှိခဲ့သနည်း။

၂၁။ အမေရိကန်နိုင်ငံ၏ ပထမဦးဆုံး ဒုတိယသမ္မတမှာ မည်သည့်နှစ်က မည်သူဖြစ်ပါသနည်း။

၂၂။ ကမ္ဘာပေါ်တွင် မိုက်ကရိုစကုတ် Microscope မှန်ဘီလူးကို မည်သည့်နှစ်က မည်သူ စတင်တီထွင်ခဲ့သနည်း။

၂၃။ လူ၏ ခန္ဓာကိုယ်တွင် အရိုးပေါင်း မည်မျှရှိသနည်း။

၂၄။ 'လ'Moon ၏ သက်တမ်း မည်မျှရှိသနည်း။

၂၅။ သမုဒ္ဒရာကြီးများအနက် ကုန်သွယ်လမ်းကြောင်းအဖြစ် ထင်ရှားပြီး ကုန်သင်္ဘောများ အများဆုံးသွားလာနိုင်သည့် သမုဒ္ဒရာမှာ မည်သည့်သမုဒ္ဒရာ ဖြစ်ပါသနည်း။


၂၆။ ရန်ကုန်မြို့ကို ရေပေးသည့် လှော်ကားကန်ကို မည်သည့်အချိန်က မည်သူဖွင့်လှစ်ပေးခဲ့သနည်း။

mgyoe.com

၈၇။ ဝိုင်အမ်ဘီအေ Y.M.B.A Young Men's Buddhist Association ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကို မည်သူတို့က မည်သည့်ကာလက စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြသနည်း။

၈၈။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အနောက်ဘက် အလုံလမ်းနှင့် ဦးဝိစာရလမ်းဆုံနေရာတွင် ဦးဝိစာရအထိမ်းအမှတ်ကြေးရုပ်နှင့် ကျောက်တိုင်ကို မည်သည့်ခုနှစ်၊ လ၊ ရက်တွင် စိုက်ထူခဲ့သနည်း။

၈၉။ အမေရိကန်နိုင်ငံ ဟောလိဝုဒ်ထက် ရုပ်ရှင်ကားထုတ်လုပ်မှု ပိုမိုများပြားသောနိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။



၉၀။ သစ်ပင်တစ်ပင်၏ ပျော့ဖတ်မှ နိုင်ငံခြားသတင်းစာစောင်ရေ မည်မျှထွက်ရှိသနည်း။

၉၁။ ကမ္ဘာတစ်ဝန်းတွင် ပန်းသီးအမျိုးအစားပေါင်း မည်မျှစိုက်ပျိုးလျက်ရှိကြသနည်း။

၉၂။ ကမ္ဘာကျော် ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး နပိုလီယံ ကြောက်ရွံ့သည့် သတ္တဝါမှာ မည်သည့်သတ္တဝါဖြစ်သနည်း။

၉၃။ အရှေ့တီမောနိုင်ငံတွင် တရားဝင်သုံး ဘာသာစကားမှာ မည်သည့် ဘာသာစကားဖြစ်သနည်း။

၉၄။ မည်သည့်နှစ်က စတင်၍ 'အင်တာနက်' Internet ဟူသော စကားလုံးကို ပထမဆုံးအဖြစ် စတင်သုံးစွဲခဲ့သနည်း။

၉၅။ မြန်မာနိုင်ငံတွင် ၁၉၃၇ ခုနှစ် နိုဝင်ဘာလတွင် သခင်နု၊ ကိုအုန်းခင်နှင့် သခင်သန်းထွန်းတို့ တည်ထောင်ခဲ့သော

mgyoe.com

mgyoe.com

အသင်းမှာ မည်သည့်အသင်း ဖြစ်ပါသနည်း။

၉၆။ ၁၉၃၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ရွှေတိဂုံစေတီ တောင်ဘက်စောင်းတန်း၊ မော်လမြိုင်ဇရပ်တွင် ကျင်းပခဲ့သော အစည်းအဝေးကြီးက 'ဗမာ့လက်ရုံးတပ်ဖွဲ့စည်းမျဉ်း ဥပဒေ'ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ရာ အဆိုပါ အစည်းအဝေးကြီးမှာ မည်သည့်အစည်းအဝေးကြီး ဖြစ်ပါသနည်း။

၉၇။ မြန်မာအပါအဝင် ချွေးတပ်သားပေါင်းများစွာ သေကျေပျက်စီးခဲ့သည့် ၂၅၉. ၃ မိုင် ရှည်လျားသော သေမင်းတမန်ဟူ၍ ကျော်ကြားသည့် ယိုးဒယား(ထိုင်း)မြန်မာ မီးရထားသံလမ်း ဖောက်လုပ်ရေးလုပ်ငန်းသည် မည်သည့်အချိန်က ပြီးစီးခဲ့သနည်း။

၉၈။ ၁၉၃၂ ခုနှစ်၊ မေလ ၃ ရက်နေ့က ရန်ကုန်တက္ကသိုလ်၊ ဆီးနိတ်အဖွဲ့က 'သီရိဝမ္မာသောကမင်းကြီးကျောက်စာ'ကို မြန်မာပြန်ဆိုခဲ့သည့်အတွက် ဝေလမင်းသားဆု ၁၀၀၀ ကျပ်ကို မည်သူ့အား ချီးမြှင့်ခဲ့သနည်း။

၉၉။ ရှေးခေတ်က အိုလံပစ်အား ကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ အားကစားသမားများသည် မည်သည့် အဝတ်အစားဖြင့် ပြိုင်ပွဲဝင်ကြရသနည်း။

၁၀၀။ လူတစ်ဦးသည် သူ့ဘဝတာ သက်တမ်းအတွင်း ရေသောက်နှုန်းမှာ မည်မျှရှိပါသနည်း။



mgyoe.com

mgyoe.com


၁၀၁။ 'Lufthansa Airline' လုသန်ဆာ လေကြောင်းလိုင်းသည် မည်သည့်နိုင်ငံက လေကြောင်းလိုင်း ဖြစ်သနည်း။

၁၀၂။ နောက်ပြန် ပျံသန်းနိုင်သည့် ငှက်မှာ မည်သည့်ငှက် ဖြစ်သနည်း။

၁၀၃။ Kohinoor 'ကိုဟိနူး'ဆိုသည်မှာ အဘယ်နည်း။

၁၀၄။ ဂျပန် ပန်းအလှပြုပြင်နည်းပညာ Japanese art of flower arrangement ကို မည်သို့ခေါ်ဆိုသနည်း။

၁၀၅။ ကမ္ဘာ့တိုက်ကြီး Continent အမည်ကို တိုင်းပြည်အမည် အဖြစ် မှည့်ခေါ်ထားသည့် တစ်ခုတည်းသော နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၁၀၆။ ခဲတံကို မည်သည့်ပစ္စည်းဖြင့် ပြုလုပ်ထားသနည်း။

၁၀၇။ ညပေါင်း ၁၀၀၁ ညတိုင် ဘုရင်ကြီးအား ပုံပြောပြကာ မိမိအသက်အန္တရာယ်မှ လွတ်မြောက်အောင် ကြိုးစားခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

၁၀၈။ ကမ္ဘာကျော် 'ဂါလီဗားခရီးစဉ်' Gulliver's Travels ဂန္ထဝင်ဝတ္ထုကြီး၏ မူလအမည်မှာ မည်သည့်အမည်ဖြစ်ပါသနည်း။

၁၀၉။ 'Island of Doves' ချိုးငှက်ကျွန်းဟူ၍ တင်စားခေါ်ဝေါ်ခြင်းခံရသည့် ဒေသမှာ မည်သည့်ဒေသဖြစ်သနည်း။

၁၁၀။ ကမ္ဘာပေါ်တွင် ရုပ်မြင်သံကြား၌ ပထမဦးဆုံး တွေ့ဆုံမေးမြန်း Interview ခြင်းခံရသူမှာ မည်သူ ဖြစ်ပါသနည်း။



၁၁၁။ တိုင်းပြည် လွတ်မြောက်မှုအတွက် နယ်ချဲ့တို့အား တိုက်ပွဲဝင်ခဲ့သူ ဂျူနီဆရာစံရေးသားပြုစုခဲ့သော တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ကျမ်းမှာ မည်

mgyoe.com

mgyoe.com

သည့်ကျမ်း ဖြစ်သနည်း။

၁၁၂။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော 'မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်'၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှာ မည်သူတို့ ဖြစ်ကြသနည်း။

၁၁၃။ ၁၉၃၄ ခုနှစ်တွင် ကာတွန်းဆရာကြီး ဦးဘဂျမ်းနှင့် ကာတွန်းဆရာကြီး ဦးဟိန်စွန်းတို့နှစ်ဦးသည် ဇာတ်လမ်းပါရှိသော ကာတွန်းရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့ရာ ယင်းဇာတ်ကားသည် မည်သည့်ဇာတ်ကား ဖြစ်သနည်း။

၁၁၄။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး (၁၈၂၄-၂၆)တွင် အင်္ဂလိပ်တို့က အနိုင်ရ၍ ရခိုင်နှင့် တနင်္သာရီပြည်နယ်တို့ကို သိမ်းယူရရှိပြီးသည့်နောက် မော်လမြိုင်မြို့တွင် ပထမဦးဆုံး ပေါ်ထွက်လာခဲ့သော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည့် သတင်းစာမှာ မည်သည့်သတင်းစာ ဖြစ်သနည်း။

၁၁၅။ မြန်မာနိုင်ငံတွင် အသက် ၁၃၀ ရှိ ဘွားသက်ရှည်တစ်ဦး ရှားရှားပါးပါး ပေါ်ပေါက်ခဲ့ရာ အဆိုပါအဘွားအိုမှာ မည်သူဖြစ်၍ မည်သည့်နှစ်က ပေါ်ပေါက်ခဲ့ပါသနည်း။

၁၁၆။ မြန်မာ့ဆိုရိုးစကားတစ်ခုဖြစ်သော 'ခါးပုံတင် လူယဉ်၊ ခါးပုံထိုး လူရိုး၊ ခါးထောင်းကျိုက် လူမိုက်'၏ အဓိပ္ပာယ်ကို ရှင်းပြပါ။


၁၁၇။ မာရသွန်အပြေးပြိုင်ပွဲ Marathon သည် ခရီးမည်မျှ အကွာအဝေးကို ပြိုင်ရပါသနည်း။

၁၁၈။ 'Lepidopterist' လီပီဒေါ့တာရစ် ပညာရှင်သည် မည်သည့်ဘာသာရပ်ကို လေ့လာသည့်ပညာရှင် ဖြစ်သနည်း။

၁၁၉။ စနေဂြိုဟ်၏ အပိုင်းကွင်း Saturn's rings များကို မည်သူက မည်သည့်နှစ်တွင် စတင်တွေ့ရှိဖော်ထုတ်ခဲ့သနည်း။

mgyoe.com

mgyoe.com

၁၂၀။ ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ် ပေါင်း မည်မျှရှိသနည်း။

၁၂၁။ ခံတပ်၊ ရဲတိုက် Citadel ထဲတွင် နေထိုင်သည့် သတ္တဝါမှာ မည်သည့်သတ္တဝါဖြစ်သနည်း။

၁၂၂။ ကမ္ဘာကျော် ဒေါက်တာ ဇီဗားဂိုး Dr. Zhivago ဝတ္ထုကြီးကို ရေးသားသူမှာ မည်သူနည်း။

၁၂၃။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်မှ မည်သည့်ကြေညာချက်ကို ထုတ်ပြန်ခဲ့သနည်း။

၁၂၄။ ဝေလငါးအုပ်စုကို မည်သို့ခေါ်ဝေါ်သနည်း။

၁၂၅။ ကမ္ဘာပေါ်ရှိ ရေသတ္တဝါများတွင် အကြီးမားဆုံး မျက်လုံးရှိသည့် သတ္တဝါမှာ မည်သည့်သတ္တဝါဖြစ်သနည်း။

၁၂၆။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မည်သည့် သဘောတူညီချက်ကို မည်သူတို့ လက်မှတ်ရေးထိုးခဲ့ကြသနည်း။

၁၂၇။ လိပ်ပြာ butterfly ၏ မူလအစအမည်မှာ အဘယ်နည်း။

၁၂၈။ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ နဝဒေးရုပ်ရှင်ရုံ၌ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မည်သည့်နှစ်က ကျင်းပခဲ့သနည်း။

၁၂၉။ ၁၉၄၇ ခုနှစ်၊ မေလ ၂၆ ရက်နေ့က ဗြိတိသျှအစိုးရတပ်မတော်မှ အိပ်ချ်အမ်အက်စ်ဖော်လ် အမည်ရှိ စစ်သင်္ဘောကို မည်သည့်အမည် ပြောင်းကာ မြန်မာအစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့သနည်း။

mgyoe.com

mgyoe.com


၁၃၀။ သစ်သီးဘူး၊ နို့ဆီဘူး၊ အသားဘူး စသည့် စည်သွတ်ဘူးတို့ကို ဖောက်သည့်ပစ္စည်း (သို့) ဖောက်တံများသည် အဆိုပါ ဘူးများ စတင်တီထွင်ထုတ်လုပ်ပြီး မည်မျှအချိန်ကြာမှ ပေါ်ပေါက်လာသော ပစ္စည်းများ ဖြစ်ကြသနည်း။



၁၃၁။ လေထုညစ်ညမ်းမှုကို အများဆုံးဖြစ်ပေါ်စေသည့် စက်ရုံများမှာ မည်သည့်စက်ရုံများ ဖြစ်ကြသနည်း။



၁၃၂။ 'ဆေတန်-၅' Saturn-5 ဒုံးပျံသည် အလျားအရှည် မည်မျှရှိသနည်း။

၁၃၃။ ကမ္ဘာပေါ်တွင် အအေးဆုံးနေရာမှာ မည်သည့်နေရာ ဖြစ်သနည်း။

၁၃၄။ ပထမဆုံး ကမ္ဘာကိုပတ်၍ ရွက်လွှင့်ထွက်ခွာခဲ့သူမှာ မည်သူနည်း။

၁၃၅။ ဆားရည်သိပ်သည်းဆ အများဆုံးပင်လယ်မှာ မည်သည့်ပင်လယ်ဖြစ်သနည်း။

၁၃၆။ လော့နက်ရေကန်ကြီး Loch, Ness တွင် ရှေးခေတ်ကတည်းက ရှိခဲ့သော သတ္တဝါကြီးရှိနေသည်ဆိုသည်မှာ

mgyoe.com

mgyoe.com


မှန်ပါသလား။

၁၃၇။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော မုတ်သုံသစ်တောကြီးသည် မည်သည့်နေရာတွင် တည်ရှိပါသနည်း။

၁၃၈။ ကမ္ဘာပေါ်တွင် အတိုဆုံးမြစ်မှာ မည်သည့်နိုင်ငံရှိ မည်သည့်မြစ် ဖြစ်သနည်း။

၁၃၉။ အမျိုးသားရဲတပ်ခေါ် မြန်မာပြည်အမျိုးသား အပျော်တမ်းရဲတပ်ကို မည်သည့်အချိန်က မည်သူက ဦးဆောင်ဖွဲ့စည်းခဲ့သနည်း။

၁၄၀။ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အမှတ် (၂၁၅) ဂျပန်ခြေလျင်တပ်မကြီးနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ နံနက် ၁၀ နာရီတွင် မည်သည့်မြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့သနည်း။

၁၄၁။ အင်္ဂလိပ်ဘာသာရှိ အက္ခရာ A မှ Z အထိ အားလုံးပါဝင်သော စာကြောင်းမှာ မည်သည့်စာကြောင်းဖြစ်သနည်း။

၁၄၂။ တားရော့ Tarot ဗေဒင်ကတ်ပြားတစ်ထုပ်တွင် ကတ်အရေအတွက် မည်မျှပါရှိသနည်း။

၁၄၃။ ၁၉၈၂ ခုနှစ်က 'ဖောင်ကလင်ကျွန်း'ကို ဦးဆောင်တိုက်ခိုက်အာဏာသိမ်းပိုက်ခဲ့သူမှာ မည်သူနည်း။

၁၄၄။ Myologist ပညာရှင်သည် မည်သည့်အကြောင်းအရာကိုလေ့လာသည့် ပညာရှင်ဖြစ်သနည်း။

၁၄၅။ Khouteki Tempel-Tuttle နှင့် Halley တို့သည် မည်သည့်အရာများ ဖြစ်ကြသနည်း။

၁၄၆။ စစ်ပွဲတွင် ကျဆုံးသွားခဲ့သော နောက်ဆုံးအင်္ဂလိပ်ဘုရင်မှာ မည်သူဖြစ်သနည်း။

mgyoe.com

mgyoe.com


၁၄၇။ ရှေးခေတ် အီဂျစ်ဖာရောဘုရင်များ ဆောင်းသည့် သရဖူ ထိပ်တွင် မည်သည့်အရုပ်ကို တပ်ဆင်ထားသနည်း။

၁၄၈။ ပင်လုံညီလာခံ ကျင်းပနေစဉ်အတွင်း ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တောင်တန်းသားများသည် မည်သည့်အဖွဲ့ကို ဖွဲ့စည်းခဲ့သနည်း။

၁၄၉။ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဗြိတိသျှ အစိုးရက ယိုးဒယား(ထိုင်း)အစိုးရသို့ ယိုးဒယား–မြန်မာ မီးရထားလမ်းကို ငွေမည်မျှဖြင့် ရောင်းချရန် သဘောတူခဲ့သနည်း။

၁၅၀။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံ သဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ဘယ်နှဦးတို့ လက်မှတ်ရေးထိုးခဲ့ကြသနည်း။

၁၅၁။ နယ်သာလန်နိုင်ငံ၏ အကြီးဆုံးမြို့နှစ်မြို့သည် တိုင်းပြည်၏ တစ်ဝက်မျှ ဧရိယာကျယ်ဝန်းပြီး မြို့နှစ်မြို့စလုံးသည် ပင်လယ်ရေ မျက်နှာပြင်အောက်တွင် တည်ရှိကြရာ အဆိုပါ မြို့နှစ်မြို့မှာ မည်သည့်မြို့များ ဖြစ်ကြပါသနည်း။



၁၅၂။ မိုးရေတွင် မည်သည့်ဗီတာမင် ပါဝင်သနည်း။



mgyoe.com

mgyoe.com


၁၅၃။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၇ နှစ်အရွယ်တွင် ဆရာတော်ဦးသောဘိတ ကျောင်း၌ မည်သည့်အတန်းအထိ ပညာသင်ယူခဲ့သနည်း။

၁၅၄။ အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာ ကိုအောင်ဆန်း ထည့်သွင်း ပေးခဲ့သော 'Hell hound at Large' (ငရဲခွေးကြီး လွတ်နေပြီ) ဆောင်းပါးရေးသူမှာ မည်သူနည်း။ (အဆိုပါဆောင်းပါး သည် မစ္စတာစလော့ဒ်နှင့် ကပ်ကာ မျိုးချစ်ကျောင်းသား များကို အထူးချောက်တွန်းနေသော ဆရာတစ်ဦးအား ငရဲ ခွေးနှင့်နှိုင်းကာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော ဆောင်းပါးဖြစ်၍ မစ္စတာစလော့ဒ်က အယ်ဒီတာကိုအောင် ဆန်းကို ဆောင်းပါးရေးသားသူကို ဖော်ထုတ်ပေးရန်နှင့် ဖော်ထုတ်မပေးပါက ကျောင်းထုတ်ခံရမည်ဟုဆိုသည်။)

၁၅၅။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် သခင်အောင် ဆန်း မိန့်ခွန်းပြောကြားခဲ့သည့် အုတ်မြစ်ချပွဲအခမ်းအနားမှာ မည်သည့်အခမ်းအနား ဖြစ်သနည်း။

၁၅၆။ အမေရိကန်နိုင်ငံတွင် ဒေါ်လာကို တရားဝင်ငွေအဖြစ် မည် သည့်နှစ်က စတင်အသုံးပြုခဲ့သနည်း။

၁၅၇။ ကမ္ဘာ့အသေးငယ်ဆုံးတိုင်းပြည်မှာ မည်သည့်တိုင်းပြည် ဖြစ် ပါသနည်း။

၁၅၈။ အင်္ဂလန်နှင့် အမေရိကန် ကိုလိုနီနိုင်ငံများတွင် ၁၇၅၂ ခုနှစ်က ပြက္ခဒိန်အရ ရက်ပေါင်းမည်မျှ ရှိပါသနည်း။

၁၅၉။ နိုင်ငံတကာ မော်တော်ကားမှတ်ပုံတင် 'စီ'(C) အက္ခရာ အမှတ် အသုံးပြုသည့် တိုင်းပြည်မှာ မည်သည့်တိုင်းပြည် ဖြစ်သနည်း။

mgyoe.com

mgyoe.com


၁၆၀။ ခြသေ့်ဟိန်းသံကို မိုင်မည်မျှ အကွာအဝေးကပင် ကြားနိုင်သနည်း။

၁၆၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရမည့် ဦးရေမှာ မည်မျှနည်း။

၁၆၂။ 'နိုက်ထရိတ်အောက်ဆိုက်'(Nitrous Oxide) ကို လူပိုသိများသည့် အမည်မှာ အဘယ်နည်း။

၁၆၃။ ရောမဧကရာဇ် ဩဂတ်စတပ်စ် Augustus သည် မည်သည့်နှစ်က ကွယ်လွန်ခဲ့သနည်း။

၁၆၄။ ကမ္ဘာ့သမိုင်းတွင် ၁၅၂၆ ခုနှစ်က တည်ထောင်ခဲ့သော အင်ပါယာနိုင်ငံကြီးမှာ မည်သည့်အင်ပါယာကြီး ဖြစ်သနည်း။

၁၆၅။ 'နှင်းဆီစစ်ပွဲများ' Wars of Roses သည် မည်သည့်နှစ်က စတင် ဖြစ်ပွားခဲ့သနည်း။

၁၆၆။ ပနားမားတူးမြောင်းကြီး Panama Canal ကို မည်သည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သနည်း။

၁၆၇။ နေ၏အချင်းသည် မိုင်ပေါင်း မည်မျှရှိသနည်း။

၁၆၈။ စက်ဖြင့် လည်ပတ်ရိုက်နှိပ်သည့် ပုံနှိပ်စက်ကို မည်သည့်နှစ်က တီထွင်ခဲ့သနည်း။

၁၆၉။ မဟာပီတာ Peter the Great သည် မည်သည့်နှစ်တွင် ရုရှားနိုင်ငံ၏ ဧကရာဇ်ဘုရင် ဖြစ်လာသနည်း။

၁၇၀။ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့လမ်းများတွင် ဆီဖြင့်ထွန်းညှိသည့် လမ်းမီးတိုင်များကို မည်သည့်နှစ်တွင် စိုက်ထူထွန်းညှိပေးခဲ့သနည်း။

၁၇၁။ 'Puffing Billy' ရေနွေးငွေ့ဖြင့် မောင်းနှင်ကာ ခေါင်းတိုင်မှ မီးခိုးမှုတ်ထုတ်သည့် မီးရထားစက်ခေါင်းကို မည်သည့်နှစ်က

mgyoe.com

mgyoe.com


တီထွင်မောင်းနှင်ခဲ့သနည်း။
၁၇၂။ ကိုလံဘတ်သည် ကမ္ဘာသစ်ကို ရှာဖွေရန် သင်္ဘောသုံးစင်းဖြင့် ထွက်ခွာလာခဲ့ရာ အဆိုပါသင်္ဘော၏ အမည်များမှာ အဘယ်နည်း။
၁၇၃။ သိမ်းငှက် Hawk သည် မြေပြင်အမြင့် မည်မျှအကွာအဝေးမှပင် မြေပြင်ရှိ မြက်ခင်းထဲမှ ကြွက်ကို မြင်နိုင်သနည်း။
၁၇၄။ အမေရိကန်နိုင်ငံရှိ ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်မှာ မည်သည့်ပြည်နယ်တွင် တည်ရှိသနည်း။
၁၇၅။ ကမ္ဘာ့အမြင့်ဆုံး လေဆိပ်သည် မည်သည့်နိုင်ငံ၊ မည်သည့်မြို့တွင် ရှိသနည်း။
၁၇၆။ မော်တော်ကား တာယာကို မည်သည့်ပစ္စည်းဖြင့် ထုတ်လုပ်ထားသနည်း။
၁၇၇။ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အကြားရှိ အကြီးဆုံးဂြိုဟ်၏ အမည်မှာ အဘယ်နည်း။
၁၇၈။ မြွေပွေး Viper ၏ အခြားအင်္ဂလိပ်ဝေါဟာရ အမည်တစ်ခုမှာ အဘယ်နည်း။
၁၇၉။ စားပွဲတင်တင်းနစ်ကစားနည်း Table Tennis ကို တခြားမည်သည့်အမည်ဖြင့် ခေါ်ဝေါ်သေးသနည်း။
၁၈၀။ အပြန်ဆုံးတိုက်ခတ်သည့် ဟာရီကိန်းမုန်တိုင်း hurricane သည် တစ်နာရီလျှင် မည်မျှနှုန်း တိုက်ခတ်သနည်း။
၁၈၁။ M နှင့် စသည့် တိုင်းပြည် ၅ ခုကို ဖော်ပြပေးပါ။
၁၈၂။ ရှားပါးသော ဓာတ်ငွေ့သုံးမျိုးမှာ အဘယ်နည်း။
၁၈၃။ အမေရိကန်နိုင်ငံ လွတ်လပ်ရေး ကြေညာစာတမ်းကို မည်သည့်နေ့က ထုတ်ပြန်ခဲ့သနည်း။

mgyoe.com

mgyoe.com


၁၈၄။ အရှေ့အိန္ဒိယကုမ္ပဏီကို မည်သည့်နှစ်က တည်ထောင်ခဲ့သနည်း။

၁၈၅။ သင်္ဘောများ ဖြတ်သန်းသွားလာရန် တည်ဆောက်ခဲ့သည့် ဆူးအက်တူးမြောင်း Suez Canal ကို မည်သည့်နှစ်က ဖွင့် လှစ်ခဲ့သနည်း။

၁၈၆။ ဧဝရက်တောင်ကို ပထမဆုံး အောင်မြင်စွာ တက်ရောက်နိုင်သည့် နှစ်မှာ မည်သည့်နှစ် ဖြစ်ပါသနည်း။

၁၈၇။ ကမ္ဘာကြီး၏ အကျယ်အဝန်းမှာ မည်မျှရှိပါသနည်း။

၁၈၈။ 'Democracy is a government of the people by the people for the people' ဟူသော စကားကို မည်သူ ပြောကြားခဲ့သနည်း။

၁၈၉။ စိန်နှင့် ကျောက်မီးသွေး တွင်းထွက်ပစ္စည်းတွင် တူညီသော အချက်မှာ အဘယ်နည်း။

၁၉၀။ ဒဏ္ဍာရီပုံပြင်ထဲမှ ဖီးနစ်ငှက် Phoenix သည် ပြာပုံထဲက ဘယ်နနှစ်အကြာတွင် တစ်ကြိမ်ပြန်ထွက်ပေါ်လာသနည်း။

၁၉၁။ ယုန်လိုက်ခွေးကလေးကို မည်သို့ခေါ်ဆိုသနည်း။

၁၉၂။ 'ဖာရော့၏ကြက်' Pharaoh's Chicken ဟူ၍ အမည်ပြောင်းမှည့်ခေါ်သည့် ငှက်မှာ မည်သည့်ငှက် ဖြစ်သနည်း။

၁၉၃။ သံစုံဂီတ တီးဝိုင်းတွင် ဦးဆောင်တီးမှုတ်သည့် ဂီတပစ္စည်းမှာ မည်သည့်ပစ္စည်း ဖြစ်သနည်း။

၁၉၄။ 'Kohlrabi' ဆိုသည်မှာ အဘယ်နည်း။

၁၉၅။ ၁၉၃၀ ပြည့်နှစ်တွင် 'ဆလိုင်ဒီတမ်ဘော့' Clyde Tembaugh တွေ့ရှိခဲ့သည့် ကြီးမားသော အရာဝတ္ထုကြီးမှာ အဘယ်နည်း။

mgyoe.com

mgyoe.com


၁၉၆။ ၁၉၅၈ ခုနှစ် မတိုင်မီက Common Wealth Day ကို မည်သို့ ခေါ်ဆိုသနည်း။

၁၉၇။ လူ့ကိုယ်ခန္ဓာ၏ အရိုး၊ သွားနှင့် ဦးခေါင်းခွံတို့တွင် မည်သည့်ဓာတ် တွေ့ရှိရသနည်း။

၁၉၈။ တရုတ်ပြည်တွင် အကြီးမားဆုံးမြို့မှာ မည်သည့်မြို့ ဖြစ်သနည်း။

၁၉၉။ တိုင်းပြည်အတွင်းရှိ အကြီးဆုံး ရေကန်ကြီး၏ အမည်ကို တိုင်းပြည်၏ အမည်ဖြင့် မှည့်ခေါ်ထားသည့် နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၂၀၀။ ဘီစီ ၅၀၀၀ ခန့်က အီရတ်နိုင်ငံသို့ ရောက်ရှိခဲ့သည့် လူမျိုးများကား မည်သူတို့ဖြစ်ကြသနည်း။

၂၀၁။ ကမ္ဘာကျော် ပန်းချီပညာရှင် ဩဂတ်စတီးရိုဒင် Auguste Rodin ထုလုပ်ခဲ့သည့် နာမည်ကျော် ရုပ်တုကြီးမှာ မည်သည့်ရုပ်တု ဖြစ်သနည်း။

၂၀၂။ နိုင်ငံခြားသို့ ရေနံတင်ပို့ခြင်းဖြင့် တိုင်းပြည်ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်း ရရှိနေသည့် နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၂၀၃။ အာဖရိကတိုက်ရှိ 'ဘူကီနာ ဖာဆို'တိုင်းပြည် Burkina Faso ကို အဓိပ္ပာယ်ဖွင့်ဆိုထားသော အမည်မှာ အဘယ်နည်း။

၂၀၄။ ၁၈၁၅ ခုနှစ်က လူပေါင်း ၉၂၀၀၀ ဦး သေဆုံးခဲ့သည့် မီးတောင်ပေါက်ကွဲမှုသည် မည်သည့်နိုင်ငံတွင် ဖြစ်ပွားခဲ့သနည်း။

၂၀၅။ တော်လှန်ရေးသမား၊ သမိုင်းပညာရှင်၊ လူမှုရေးသိပ္ပံပညာရှင်နှင့် တွေးခေါ်ပညာရှင်ကြီးဖြစ်သည့် ကားလ်မတ် Karl

mgyoe.com

mgyoe.com


Marx ရေးသားခဲ့ ကာ ၁၈၄၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကမ္ဘာ့အကျော်ကြားဆုံး ကျမ်းမှာ မည်သည့်ကျမ်း ဖြစ်သနည်း။

၂၀၆။ ကမ္ဘာ့အရှေ့တစ်လွှားသို့ ပင်လယ်ရေကြောင်းခရီးဖြင့် သွားရောက်ခဲ့သူ မာကိုပိုလို Marco Polo အား တရုတ်ပြည်သို့ သံတမန်အဖြစ် စေလွှတ်ခဲ့သူမှာ မည်သူဖြစ်သနည်း။

၂၀၇။ ဘီစီ ၃၀ က အောက်တာဗီယန်လူမျိုးများသည် အလက်ဇန်းဒီးရီးယားမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်ကာ အီဂျစ်ဘုရင်မ ကလီယိုပါထရာ Cleopatra အား ဖမ်းဆီးခဲ့ရာ ကလီယိုပါထရာသည် မည်သည့်အကြောင်းကြောင့် သေဆုံးသွားခဲ့ရသနည်း။

၂၀၈။ ပထမဆုံး ဓာတ်ဆီထည့်မောင်းသည့် ကားကို မည်သည့်အချိန်က စတင်မောင်းနှင်ခဲ့သနည်း။

၂၀၉။ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးကြီးထွားသည့် သစ်ပင်မှာ မည်သည့်သစ်ပင် ဖြစ်သနည်း။

၂၁၀။ မည်သည့်တိုင်းပြည်များသည် ရေနံတင်ပို့ရောင်းချမှုဖြင့် တိုင်းပြည်ဝင်ငွေကို အများဆုံး ရရှိနေကြသနည်း။

၂၁၁။ ကမ္ဘာပေါ်တွင် ရုံးခန်းငှားခ ဈေးအကြီးဆုံးမြို့တော်မှာ မည်သည့်မြို့တော် ဖြစ်သနည်း။

၂၁၂။ အင်ဒိုနီးရှားနိုင်ငံကို ကျွန်း Island မည်မျှဖြင့် ဖွဲ့စည်းထားသနည်း။

၂၁၃။ ဆင်များသည် ကမ္ဘာမြေပေါ်တွင် မည်သည့်အချိန်ကာလက စတင်ကာ ပထမဆုံး နေထိုင်ခဲ့ကြသနည်း။

၂၁၄။ ကမ္ဘာနှင့် အနီးဆုံးဂြိုဟ်သည် မည်သည့်ဂြိုဟ်ဖြစ်၍ ကမ္ဘာမှ မည်မျှဝေးကွာသနည်း။

mgyoe.com

mgyoe.com


၂၁၅။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော သဲတောင်များကို မည်သည့် နေရာတွင် တွေ့ရှိနိုင်သနည်း။

၂၁၆။ ရေတွင် ဖြတ်သန်းသွားသည့် အသံသွားနှုန်းနှင့် လေတွင် ဖြတ်သန်းသွားသည့် အသံသွားနှုန်း တူပါသလား။ မည်မျှ ကွာခြားသနည်း။

၂၁၇။ အန္တာတိကတိုက်တွင် သစ်ပင်များ ရှိပါသလား။

၂၁၈။ ဝက်ထီးနှင့် ဝက်မတို့ကို မည်သို့ ခေါ်ဆိုပါသနည်း။

၂၁၉။ ပစိဖိတ်သမုဒ္ဒရာတွင် အနက်ဆုံးနေရာမှာ မည်မျှအနက် ရှိသနည်း။

၂၂၀။ ဥသြငှက်နာရီများ Cuckoo Clocks ဖြင့် ထင်ရှားကျော် ကြားသည့် တိုင်းပြည်မှာ မည်သည့်တိုင်းပြည် ဖြစ်သနည်း။

၂၂၁။ ဖျံသတ္တဝါများတွင် အသက်အငယ်ဆုံး ဖျံမှာ မည်သည့်ဖျံ ဖြစ်သနည်း။

၂၂၂။ ပျားတစ်ကောင်တွင် မျက်လုံးမည်မျှ ရှိသနည်း။

၂၂၃။ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော 'ဟော်ဆာ' Horsa အမည်ရှိ ယာဉ်မှာ မည်သည့်ယာဉ် ဖြစ်သနည်း။

၂၂၄။ မြန်မာ–ယိုးဒယား(ထိုင်း)နိုင်ငံကို ဆက်သွယ်သော အရှေ့ တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်းဖောက်လုပ် မှုကို မည်သည့်နှစ်တွင် မည်သူက စီမံကိန်းရေးဆွဲကာ စတင်ဖောက်လုပ်ခဲ့သနည်း။

၂၂၅။ မြန်မာ့သမိုင်းတွင် ဒုတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သူမှာ မည်သူဖြစ်၍ မည်သည့်အရပ်ဒေသတွင် ကြီးကျယ်ခမ်းနား သော နန်းတော်ကြီးကို တည်ဆောက်ခဲ့သနည်း။

၂၂၆။ ဟံလင်းဗိဿနိုး၊ သရေခေတ္တရာ၊ ပင်လယ်(မိုင်းမော) ပျူမြို့ ကြီးနှင့်အပြိုင် ယဉ်ကျေးမှုထွန်းကားခဲ့သော ဘန္ဒကမြို့

mgyoe.com

mgyoe.com


ဟောင်းသည် မည်သည့်ဒေသတွင် တည်ရှိသနည်း။

၂၂၇။ မြန်မာစာပေတွင် 'တောလား'သည် မည်သည့်ကာလက ပေါ်ပေါက်ခဲ့ကာ မည်သည့်ပုံစံဖြင့် ရေးဖွဲ့ထားသနည်း။

၂၂၈။ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး (ဖတပလ Anti Fascist Organization-AFO) အဖွဲ့ချုပ်အား မည်သည့်အမည်သို့ ပြောင်းလဲခဲ့သနည်း။

၂၂၉။ အာဖရိကတိုက်ပုံစံ နားရွက်ဖားဖားရှိသည့် ဆင်ကြီးမှာ မည်သည့်ဆင်မျိုး ဖြစ်သနည်း။

၂၃၀။ လူ့ဦးနှောက်၏ လက်ဝဲဘက်ခြမ်းသည် ကိုယ်ခန္ဓာ၏ မည်သည့်ဘက်ခြမ်းကို ထိန်းချုပ်ထားသနည်း။

၂၃၁။ လူတွင် မည်သည့်ကြွက်သားက ဒူးခေါက်ကြော ham-strings ဟူ၍ ခေါ်ဆိုသနည်း။

၂၃၂။ နေရာအတည်အကျမရှိ လှည့်လည်သွားလာနေထိုင်သော လူမျိုးစု (ဂျစ်ပစီ gypsies)များသည် မည်သည့်ဘာသာစကားကို ပြောကြားသနည်း။

၂၃၃။ မာသာထရီဆာ Mother Teresa တည်ထောင်ထားသော 'ကလေးရိပ်သာ' Home For Children သည် မည်သည့်နိုင်ငံ၊ မည်သည့်မြို့တွင် ရှိသနည်း။

၂၃၄။ ကမ္ဘာ့အရှည်လျားဆုံး နယ်နိမိတ်မှာ မည်သည့်တိုင်းပြည်နှစ်ပြည်ကို ပိုင်းခြားထားသနည်း။

၂၃၅။ ကမ္ဘာ့တိုက်ကြီး ၇ တိုက်၏ ထူးခြားချက်မှာ အဘယ်နည်း။

၂၃၆။ ဘေးဒုက္ခကြုံတွေ့ပါက အကူအညီတောင်းခံသည့် ကမ္ဘာသုံးသင်္ကေတဖြစ်သော SOS ကို ပထမဆုံး အသုံးပြုသည့် သင်္ဘောမှာ မည်သည့်သင်္ဘော ဖြစ်သနည်း။

mgyoe.com

mgyoe.com


၂၃၇။ နတ်ဘုရား God များ ပေါ်ထွန်းပြီးနောက် အမည်မပေးရသေးသော တစ်ခုတည်းရှိနေသည့် ဂြိုဟ်မှာ မည်သည့်ဂြိုဟ် ဖြစ်သနည်း။

၂၃၈။ ကုလားအုတ်များထက် ရေမသောက်ဘဲ ကြာရှည်စွာနေနိုင်သော သတ္တဝါမှာ မည်သည့်သတ္တဝါဖြစ်သနည်း။

၂၃၉။ အတိုဆုံးပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၂၄၀။ 'Breccia' ဆိုသည်မှာ အဘယ်နည်း။

၂၄၁။ 'ပင်လယ်သတို့သမီး' The Bride of The Sea ဟူ၍ တင်စားခေါ်ဝေါ်သည့် ဥရောပတိုက်ရှိ မြို့တော်မှာ မည်သည့်မြို့တော် ဖြစ်သနည်း။

၂၄၂။ ဂြိုဟ်တုကို အသုံးပြု၍ တည်နေရာကို ရှာဖွေတွက်ချက်သည့် ကမ္ဘာလုံးဆိုင်ရာ တည်နေရာစနစ် Gps ၏ အရှည်ကောက် ဝေါဟာရကို ဖော်ပြပါ။

၂၄၃။ မြန်မာစာပေရှိ ပျို့၊ လင်္ကာ၊ မော်ကွန်းများနှင့် ရှေးဟောင်းစာပေတို့တွင် တွေ့ရှိရသော စာပေသုံးတစ်ရပ်ဖြစ်သည့် 'ပိဋကသချ်ာ'ဆိုသည်မှာ အဘယ်နည်း။

၂၄၄။ မြန်မာနိုင်ငံ၌ နဂါးနီစာအုပ်အသင်းကို ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ၌ တည်ထောင်ခဲ့ရာ ဦးဆောင်တည်ထောင်သူများတွင် မည်သူတို့ ပါဝင်ခဲ့ကြသနည်း။

၂၄၅။ မော်လမြိုင်မြို့၊ သံဖြူဇရပ်ရွာ၊ ဗြိတိသျှ ဓနသဟာယစစ်သင်္ချိုင်း ၌ စစ်အတွင်းက ဂျပန်တို့၏ ချွေးတပ်ဆွဲခြင်းခံရ၍ သံဖြူဇရပ်မီးရထားလမ်း ဖောက်လုပ်ရာတွင် သေဆုံးသွားသော ချွေးတပ်သားများအတွက် သရဏဂုံတင်ပွဲ အခမ်းအနားကို မည်သည့်အချိန်တွင် ကျင်းပခဲ့ကာ မည်သူက

mgyoe.com

mgyoe.com

တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သနည်း။

၂၄၆။ ၁၉၄၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဗိုလ်ချုပ်ကြီး ဝီလျံစလင်းတို့ မိတ္ထီလာမြို့တွင် တွေ့ဆုံဆွေးနွေး၍ နောက်တစ်နေ့တွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ အုပ်ချုပ်ရေးမူဝါဒ သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ ယင်းမူဝါဒ သဘောထားကြေညာချက်ကို မည်သို့ခေါ်ဆိုသနည်း။

၂၄၇။ မြန်မာစာပေသမိုင်းတွင် မည်သည့်ခေတ်၌ ဝတ္ထုဟူ၍ စတင်ပေါ်ပေါက်ခဲ့ရာ ပထမဆုံးဝတ္ထုမှာ မည်သည့်ဝတ္ထုဖြစ်သနည်း။

၂၄၈။ ၁၉၁၀ ပြည့်နှစ်၊ နိုဝင်ဘာလခန့်က အိန္ဒိယနိုင်ငံ ရတနာဂီရိ၌ စံနေသည့် သီပေါဘုရင်ဟောင်း၏ စံအိမ်တော်သစ်မင်္ဂလာပွဲတွင် သွားရောက်ဖျော်ဖြေတီးမှုတ်ခဲ့သည့် ပထမဆုံးနိုင်ငံခြားရောက် ဆိုင်းပညာရှင်ကြီးမှာ မည်သူဖြစ်ပါသနည်း။

၂၄၉။ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရသည် ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကိုဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌအဖြစ် ပထမဆုံး ခန့်အပ်ခံရသူမှာမည်သူနည်း။

၂၅၀။ မြန်မာနိုင်ငံတွင် ပြည်တွင်းဖြစ်ပစ္စည်း အပိုင်းအစများဖြင့်ပြုလုပ်တည်ဆောက်ခဲ့ကာ အတိုင်းအတာတစ်ခုအထိအောင်မြင်ခဲ့သော 'စက်ရုပ်' Robot ကို တီထွင်ခဲ့သူမှာမည်သူဖြစ်သနည်း။

၂၅၁။ အနောက်နိုင်ငံသားတို့ ရိုက်ကူးသည့် အင်္ဂလိပ်ကားများတွင် ပထမဆုံး ပါဝင်ခဲ့ကြသူ မြန်မာများမှာ မည်သူတို့ ဖြစ်ကြသနည်း။

mgyoe.com

mgyoe.com


၂၅၂။ မြန်မာ့ကျေးလက်ဓလေ့ အကများတွင် ကလေးလူကြီးမရွေး ကြိုက်နှစ်သက်ကြသည့် နူတ်ခမ်းမွေးကားကား၊ ပုဆိုးခါးတောင်းကျိုက်နှင့် ပုသိမ်ထီးဆောင်းလျက် ဟန်ပါပါ ကပြရသည့် 'ဦးရွှေရိုး'အကကို စတင်ကပြခဲ့သူမှာ မည်သူနည်း။

၂၅၃။ ၁၇၅၅ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး အဘိဓာန်ကို ရေးသားသူမှာ မည်သူနည်း။

၂၅၄။ တစ်ခါတစ်ရံ ရေခဲတုံးသည် မည်ကဲ့သို့ မာပါသနည်း။

၂၅၅။ အင်္ဂလိပ်ဘာသာစကားတွင် dous ဖြင့် အဆုံးသတ်သည့် စကားလုံး ၄ လုံးသာရှိရာ ယင်းစကားလုံးများမှာ မည်သည့် စကားလုံးများ ဖြစ်ကြသနည်း။

၂၅၆။ လူ့ဦးနှောက်၏ အသုံးပြုမှုသည် စွမ်းအားမည်မျှ ရှိသနည်း။

၂၅၇။ ကမ္ဘာပေါ်တွင် လေတိုက်နှုန်းအပြင်းဆုံးဒေသမှာ မည်သည့် ဒေသ ဖြစ်သနည်း။

၂၅၈။ ရာဘာပင်ကို မည်သည့်ဒေသတွင် ပထမဆုံး စတင်တွေ့ ရှိခဲ့သနည်း။

၂၅၉။ ကမ္ဘာပေါ်တွင် ဆေးတံ၊ ဆေးလိပ်ကို ပထမဆုံး သောက်သုံးသူများမှာ မည်သူတို့ ဖြစ်ကြသနည်း။

၂၆၀။ အာတိတ်သမုဒ္ဒရာ၏ ဧရိယာအကျယ်အဝန်းမှာ မည်မျှရှိသနည်း။

၂၆၁။ လွန်ခဲ့သည့် နှစ် ၃၀ ခန့်က ကမ္ဘာ့အဆင်းရဲဆုံး ဖြစ်ခဲ့သူများသည် မည်သည့်လူမျိုးများ ဖြစ်ကြသနည်း။

၂၆၂။ ကမ္ဘာပေါ်တွင် နို့တိုက်သတ္တဝါအမျိုးအစားပေါင်း မည်မျှရှိသနည်း။

mgyoe.com

mgyoe.com


၂၆၃။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့က သန်းခေါင်စာရင်း ကောက်ယူရာ၌ မြန်မာနိုင်ငံ၏ လူဦးရေမှာ မည်မျှရှိသနည်း။

၂၆၄။ ရန်ကုန်မြို့မ အမျိုးသားကျောင်း၌ အမျိုးသားတက္ကသိုလ်ကို မည်သည့်နှစ်က ဖွင့်လှစ်ခဲ့သနည်း။

၂၆၅။ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့လွတ်လပ်ရေးတပ်မတော်၏ မြောက်ပိုင်းစစ်ဆင်ရေး တပ်မနှစ်ခုသည် အထက်မြန်မာပြည်ကို ချီတက်တိုက်ခိုက်ရေးအတွက် မည်သည့်နှစ်တွင် စစ်ထွက်အခမ်းအနား ကျင်းပခဲ့သနည်း။

၂၆၆။ ဗိုင်ဂိုမက်တစ်အရိုး Zygomatic သည် လူ့ခန္ဓာကိုယ်၏ မည်သည့်အပိုင်းတွင် တည်ရှိသနည်း။

၂၆၇။ လူ့ကိုယ်ခန္ဓာတွင် အသန်မာဆုံး ကြွက်သားမှာ မည်သည့်ကြွက်သား ဖြစ်ပါသနည်း။

၂၆၈။ နှစ်ပေါင်း ၄၅၀၀ ကျော် သက်တမ်းရှိသည့် သစ်ပင်ကြီးမှာ မည်သည့်နိုင်ငံတွင်ရှိသည့် သစ်ပင်ကြီး ဖြစ်သနည်း။

၂၆၉။ ကမ္ဘာသည် နေမှ မိုင်ပေါင်း မည်မျှကွာဝေးပါသနည်း။

၂၇၀။ အိမ်နံရံနှင့် ပြတင်းပေါက်မှန်များတွင် အခြေခံပါဝင်သည့် ပစ္စည်းမှာ မည်သည့်ပစ္စည်း ဖြစ်ပါသနည်း။

၂၇၁။ ကမ္ဘာပေါ်တွင် မှိုအများဆုံး တင်ပို့ရောင်းချသော နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၂၇၂။ ပြိုင်ပွဲဝင်သူ အားကစားသမားများသည် အဝတ်အင်္ကျီမပါ ကိုယ်လုံးတီးဖြင့် ပြိုင်ပွဲဝင်ကြရသော အားကစားပြိုင်ပွဲမှာ မည်သည့်ပြိုင်ပွဲ ဖြစ်ပါသနည်း။

၂၇၃။ အဝလွန်များပြားသည့် နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်ပါသနည်း။

mgyoe.com

mgyoe.com


၂၇၄။ ၄၈ နာရီကြာတိုင်း သူ့ခန္ဓာကိုယ်မှ မစင်များစွန့်ထုတ်လေ့ရှိသည့် သတ္တဝါမှာ မည်သည့်သတ္တဝါ ဖြစ်သနည်း။

၂၇၅။ 'Zoo' ဟူသော စကားလုံး၏ အရှည်ဝေါဟာရကို ဖော်ပြပါ။

၂၇၆။ အလေးချိန် ချိန်တွယ်နည်းကို ပထမဆုံး တွေ့ရှိအသုံးပြုခဲ့သူများမှာ မည်သည့်လူမျိုးများ ဖြစ်ကြသနည်း။

၂၇၇။ ကမ္ဘာပေါ်တွင် မျက်မှန်သည် မည်သည့်အချိန်ကာလက ပေါ်ပေါက်ခဲ့ပါသနည်း။

၂၇၈။ နွားနို့တွင် ရေနှင့် တခြားဓာတ်များ မည်မျှစီ ပါဝင်ကြသနည်း။

၂၇၉။ ကမ္ဘာပေါ်တွင် မြေပုံကို မည်သည့်နိုင်ငံက ပထမဆုံး စတင်ပြုလုပ်ခဲ့သနည်း။

၂၈၀။ 'Hat' ဦးထုပ် ဟူသော စကားလုံးသည် မည်သည့်ဘာသာစကားမှ ဆင်းသက်လာသော စကားလုံးဖြစ်ပါသနည်း။

၂၈၁။ 'မိုဘီဒစ်' ဝတ္ထုကြီးကဲ့သို့သော ပင်လယ်တွင်း အတွေ့အကြုံများကို အခြေခံရေးသားသည့် ဝတ္ထုများကို ရေးသားခဲ့သော အမေရိကန်စာရေးဆရာကြီးမှာ မည်သူဖြစ်သနည်း။

၂၈၂။ ထူးခြားဆန်းကြယ် တိုက်ဆိုင်စွာ ၁၈၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တစ်နှစ်တည်း၊ တစ်ရက်တည်း တစ်ပြိုင်နက် မွေးဖွားခဲ့ကြသည့် ကမ္ဘာကြီးကို ပြောင်းလဲစေမည့် တော်လှန်ရေးများကို အစပျိုးပေးလိုက်သော ဂန္ထဝင်အဖြစ် မော်ကွန်းတင် ကျော်စောထင်ရှားသည့် သိပ္ပံပညာရှင်နှင့် နိုင်ငံရေးခေါင်းဆောင်နှစ်ဦးမှာ မည်သူတို့ ဖြစ်ကြသနည်း။

၂၈၃။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းကြောင်းတွင် ယဉ်ကျေးမှုထွန်းကားရာ ခေတ်များကား မည်သည့်ခေတ်များ ဖြစ်ကြသနည်း။

mgyoe.com

mgyoe.com


၂၈၄။ ကမ္ဘာ့အကြီးဆုံး ပင်လယ်ကွေ့မှာ မည်သည့်ပင်လယ်ကွေ့ ဖြစ်သနည်း။

၂၈၅။ ကမ္ဘာ့အကြီးဆုံးကျွန်းဆွယ်မှာ မည်သည့်ကျွန်းဆွယ် ဖြစ်ပါသနည်း။

၂၈၆။ ခရစ်စတင်း ခရစ်ယာန်ဝတ်ကျောင်းတော်၏ မျက်နှာကြက်တွင် ကမ္ဘာကျော် ပန်းချီကားကြီးကို ရေးဆွဲခဲ့သူမှာ မည်သူနည်း။

၂၈၇။ ကမ္ဘာ့သမိုင်းတွင် သံမဏိ'နန်းရင်းဝန်' Iron Chancellor ဟူ၍ ထင်ရှားသူမှာ မည်သူဖြစ်ပါသနည်း။

၂၈၈။ ရှေးဟောင်းသုတေသန ပညာရှင်များသည် နှစ်ပေါင်း ၇၀၀၀ က လယ်ယာသုံးခြင်းများကို မည်သည့်နိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့ကြသနည်း။

၂၈၉။ ၁၈၅၂ ခုနှစ်က အမေရိကန်နိုင်ငံတွင် ပထမဆုံး အရောင်းကောင်းဆုံး ဝတ္ထုမှာ မည်သည့်ဝတ္ထု ဖြစ်သနည်း။

၂၉၀။ ၁၈၀၅ ခုနှစ်တွင် ပစိဖိတ်သမုဒ္ဒယာသို့ ပထမဆုံး ရောက်ရှိခဲ့ကြသူနှစ်ဦးမှာ မည်သူတို့ ဖြစ်ကြသနည်း။

၂၉၁။ ကမ္ဘာပေါ်တွင် သေဒဏ်စနစ်အပြစ်ပေးခြင်းကို ပထမဆုံး ဖျက်သိမ်းသည့်နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်သနည်း။

၂၉၂။ သူစီးသည့် မြင်းရထားကို ပြေးဆွဲပေးသည့် သူ့မြင်းဖြူကြီး ခြောက်ကောင်၏ သွားများကို ဂရုစိုက်ကာ သွားများလှပစေရန် မြင်းများကို နေ့စဉ်သွားသန့်ရှင်းရေး ပြုလုပ်ပေးခဲ့သော အမေရိကန်သမ္မတကြီးမှာ မည်သူဖြစ်သနည်း။

၂၉၃။ လူတစ်ယောက်သည် အချိန် ၈ နှစ်၊ ၇ လနှင့် ၆ ရက်ကြာ စူးစူးဝါးဝါး အော်ဟစ်သံများကို စုပေါင်းလိုက်လျှင် အဆိုပါ အသံမှ ထုတ်လွှင့်လိုက်သော စွမ်းအားသည် မည်မျှထိ

mgyoe.com

mgyoe.com


ရောက် စွမ်းဆောင်နိုင်ပါသနည်း။

၂၉၄။ မှူးဝေတတ်၍ မှူးဝေပျောက်ဆေးပြားကို ဆောင်ယူသွားရသော အာကာသယာဉ်မှူးမှာ မည်သူဖြစ်ပါသနည်း။

၂၉၅။ လူတွင် အနံ့ခံနိုင်စွမ်းရည် ဆုံးရှုံးသည့်အရွယ်မှာ မည်သည့်အသက်အရွယ် ဖြစ်သနည်း။

၂၉၆။ ၁၇ နှစ်ကြာ တစ်ဆက်တည်း မတ်တတ်ရပ် နေနိုင်သကဲ့သို့ အိပ်သည့်အခါတွင်လည်း နံရံကပ်မှန်ပြားတွင် ဖောက်ထိုးထားကာ အိပ်နိုင်သည့် ပုဂ္ဂိုလ်မှာ မည်သည့်ပုဂ္ဂိုလ်ဖြစ်ပါသနည်း။

၂၉၇။ သူဦးခေါင်းကို လှည့်နိုင်သည့် တစ်ကောင်တည်းသော ပိုးမွှားမှာ မည်သည့်ပိုးမွှား ဖြစ်ပါသနည်း။

၂၉၈။ လူအများ၏ရှေ့တွင် ဆေးတံကို သောက်သုံးပြီး တစ်ဦးတည်းရှိသည့်အခါ စီးကရက်ကို သောက်သုံးသည့် ရုရှားနိုင်ငံခေါင်းဆောင်ကြီးမှာ မည်သူဖြစ်သနည်း။

၂၉၉။ ကြွက်သားမျှင်များသည့် ပိုးကောင်မှာ မည်သည့်ပိုးကောင် ဖြစ်သနည်း။

၃၀၀။ ကမ္ဘာ့အချိန်အကြာဆုံး အခြေခံဥပဒေတည်ရှိသည့် နိုင်ငံမှာ မည်သည့်နိုင်ငံ ဖြစ်ပါသနည်း။

၃၀၁။ ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အဆိုးဝါးဆုံးနှစ်မှာ မည်သည့်နှစ် ဖြစ်သနည်း။

၃၀၂။ ကမ္ဘာ့ပထမဆုံး ရုပ်ရှင်၊ စတူဒီယိုကို မည်သည့်နှစ်တွင် မည်သည့်နိုင်ငံ၌ တည်ထောင်ဖွင့်လှစ်ခဲ့သနည်း။

၃၀၃။ ကမ္ဘာပေါ်တွင် ပထမဆုံး ရုပ်သံထုတ်လွှင့်ခဲ့သည့် ဌာနမှာ မည်သည့်နိုင်ငံရှိ ရုပ်သံလွှင့်ဌာန ဖြစ်ပါသနည်း။

mgyoe.com

mgyoe.com

၃၀၄။ ဒုတိယကမ္ဘာစစ်အတွင်းက ကနေဒါနိုင်ငံက ပိုင်ဆိုင်သည့် အကြီးမားဆုံး ကုန်တင်သင်္ဘောကြီးမှာ မည်သည့်သင်္ဘောကြီး ဖြစ်ပါသနည်း။

၃၀၅။ အမေရိကန် အင်ဒီယန်းလူမျိုးနွယ်ကို 'အပါချီ' Apache ဟူ၍ လူသိများရာ အဆိုပါအမည်သည် မည်သည့်စကားမှ ဆင်းသက်လာသော အမည်ဖြစ်ပါသနည်း။

၃၀၆။ လူသည် အသက်အရွယ်ကြီးရင့်လာသည့်အခါ မျက်လုံး အရောင် ပို၍ လင်းလက်လာပါသလား။

၃၀၇။ စာအိတ်ပေါ်တွင် တံဆိပ်ခေါင်းကပ်ရန် တံဆိပ်ခေါင်း၏ နောက်ကျောကို လျှာမှတံတွေးဖြင့် လျက်လိုက်တိုင်း ကယ် လိုရီမည်မျှကို စားသုံးလိုက်ပါသနည်း။

၃၀၈။ ဇာတ်ခုံစင်တင်ပြဇာတ်များကို အစဉ်တစိုက် ရေးသားခဲ့ သော်လည်း သူ့ဘဝတစ်လျှောက်လုံးတွင် ပြဇာတ်မင်းသမီး ကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးသူမှာ မည်သူဖြစ်ပါ သနည်း။

၃၀၉။ ရှည်လျားသော နာမည်မှည့်ခေါ်ထားသည့် လေကြောင်း လိုင်းမှာ မည်သည့်လေကြောင်းလိုင်း ဖြစ်သနည်း။

၃၁၀။ အမေရိကန်နိုင်ငံက ပထမဆုံးဂြိုဟ်တုသည် မြေပြင် အထက် တစ်မီတာအရောက်တွင် ပေါက်ကွဲပျက်စီးသွားခဲ့ ရာ မည်သည့်နှစ်က လွှတ်တင်ခဲ့သော ဂြိုဟ်တုဖြစ်သနည်း။

၃၁၁။ မန်စီချူးဆက်ပြည်နယ်၊ ဘော်စတန်မြို့တွင် တိရစ္ဆာန်တစ် ကောင်သည် ၈၀ ပေမြင့်သည့် ထင်းရှူးပင်ပေါ်တွင် ၁၈ ရက်ကြာ မဆင်း၍ မီးသတ်သမားများက တက်ရောက် ကယ်ဆယ်ခဲ့ရရာ အဆိုပါ တိရစ္ဆာန်မှာ မည်သည့်တိရစ္ဆာန် ဖြစ်ပါသနည်း။

mgyoe.com

mgyoe.com


၃၁၂။ ကမ္ဘာ့ပထမဆုံး အမျိုးသမီးလေယာဉ်မှူးနှစ်ဦးမှာ မည်သူ တို့ဖြစ်ကြသနည်း။

၃၁၃။ ၈ ကေကျယ်ကာ ခန်းမြောင်လမ်း အရှည်ပေါင်း ၃ မိုင်နီးပါး ရှိသည့် ကြီးမားလှသော လှွတ်တော်အဆောက်အဦကြီးမှာ မည်သည့်နိုင်ငံရှိ လွှတ်တော်အဆောက်အဦးကြီး ဖြစ်ပါ သနည်း။

၃၁၄။ မွေးပြီးခါစ သပိတ်လွယ်ငှက်သည် တီကောင်ကို မည်မျှပေ အရှည်အထိ နေ့စဉ်စားသုံးနိုင်သနည်း။

၃၁၅။ ခြေတစ်ဖက်တွင် ခြေချောင်းတစ်ချောင်းပိုကာ ခြေချောင်း ၆ ချောင်းရှိသည့် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီးမှာ မည်သူ ဖြစ်ပါသနည်း။

၃၁၆။ ၁၉၈၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း အမျိုးသားများ၏ ခါးအရွယ်အစား မည်မျှ ကွာခြားသွားသနည်း။

၃၁၇။ လူ့ခန္ဓာရှိ အရေပြားအသစ်နှင့် အရိုးစုအသစ်တို့သည် မည် မျှအချိန်ကြာတိုင်း ဖြစ်ပေါ်နေကြသနည်း။

၃၁၈။ အဆောက်အဦကဲ့သို့သော အဆောက်အဦများ ဆောက် လုပ်ရာတွင် ပို၍ခိုင်ခံ့ရန် ဘိလပ်မြေတွင် မည်သည့်ပစ္စည်း ကို ထည့်သွင်းရောစပ်ကြပါသနည်း။

၃၁၉။ ကမ္ဘာမြေပြင်ပေါ်မှ လေထုထဲသို့ နှစ်စဉ် လေထုညစ်ညမ်း စေသည့် စက်ရုံမီးခိုး၊ အမှိုက် စသည်တို့ကဲ့သို့ ညစ်ညမ်းစေ သော ပစ္စည်းတန်ပေါင်း မည်မျှထုတ်လွှင့်လျက်ရှိသနည်း။

၃၂၀။ ဥယျာဉ်အလှစိုက် သစ်ပင်ဖြစ်ပြီး အသီးမသီးသည့်အပင်မှာ မည်သည့်အပင် ဖြစ်ပါသနည်း။

၃၂၁။ ဆီနှင့်ရေသည် ရောစပ်၍ မရနိုင်သော်လည်း ဆီနှင့်ရေကို ရောစပ်လိုပါက ဆီနှင့်ရေထဲသို့ မည်သည့်ပစ္စည်း ထည့်ရ

mgyoe.com